ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)

# လူထုဗဟိုပြုစီမံကိန်း

National Community Driven Development Project

(NCDDP)



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

# Village Development Plan (VDP)

## ကျောက်ကြီးမြို့နယ်

(၂၀၁၈)ခုနှစ်

ပတ္တလားအုပ်စု ထိုက်ထူကျေးရွာ

## မာတိကာ

၁။မြို့နယ်မြေပုံ

၂။ကျေးရွာမြေပုံ(တည်နေရာ)

၃။အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

၄။ကျေးရွာအခြေခံအချက်အလက်များ(ကျေးရွာသမိုင်းကြောင်း)

၅။လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်ဇယား

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်

သုံးသပ်ချက်များ(အသုံးပြုခဲ့သော PRA tools တစ်ခုချင်းစီ၏ အမည်များရေးရန်)

၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

(၂-၃ပုံ ထက်မများရ)

၈။ကျေးရွာအချက်အလက်(ပုံစံ-၁)

၉။စီမံကိန်းစက်ဝန်းအချိန်ဇယား(ပုံစံ-၂)


၁၀။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(ပုံစံ-၃)

၁၁။အစည်းအဝေးမှတ်တမ်းများ


၁၂။ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

# ကျောက်ကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

## မြို့နယ်မြေပုံ



# ထိုက်ထူကျေးရွာ တည်နေရာပြမြေပုံ




## ရည်ညွှန်းချက်

- နယ်နိမိတ်
- ကားလမ်း
- နွေရာသီလမ်း
- မြစ်/ချောင်း
- ကျေးရွာအုပ်စု
- ကျေးရွာအမည်
- သစ်တောကြိုးဝိုင်း

**မမယမ်းအုပ်စုတွင်ပါဝင်သောကျေးရွာများ**

(၁) ထိုက်ထူကျေးရွာ

(၂) စဖျင်ကြီးကျေးရွာ

## ထိုက်ထူကျေးရွာသမိုင်းကြောင်း

ထိုက်ထူကျေးရွာသည်ကျောက်ကြီးမြို့၏အနောက်တောင်ဘက်တွင်တည်ရှိပါသည်။ နယ်မြေမအေးချမ်းမှုနှင့်စစ်ဘေးစစ်ဒဏ်ကိုများစွာခံကြရပါသည်။ ၂၀၁၁ခုနှစ်နောက်ပိုင်းတွင် နယ်မြေအေးချမ်းလာပြီး ရွာတွင်အတည်တကျ နေထိုင်လာခဲ့ကြသည်။ ထိုက်ထူကျေးရွာတွင် စစ်ဘေးဒဏ်ကိုများစွာခံခဲ့ကြရသည့်အတွက် စီးပွားရေး၊ကျန်းမာရေး၊ပညာရေးများတွင် ဖွံ့ဖြိုးမှုနောက်ကျခဲ့ပါသည်။ ရွာသူရွာသားများသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကိုယ်ထူကိုယ်ထတက်ညီလက်ညီ လုပ်ကိုင်လျှက်ရှိပါသည်။သို့ပါသော်လည်းဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင်လုံလောက်သောရံပုံငွေမရှိခြင်း၊ နည်းပညာမကျွမ်းကျင်ခြင်းတို့ကြောင့် အခြေခံအဆောက် အဦးများ၊လမ်းနှင့်တံတားများမှာ မကြာခဏပျက်စီး၍ နှစ်စဉ်ပြုပြင်မှုများကို ပြုလုပ်ကြရပါသည်။

ထိုက်ထူကျေးရွာ၏ အဆိုးရွားဆုံးအခက်အခဲမှာ ထိုက်ထူကျေးရွာနှင့် စဖျင်ကြီးကျေးရွာကြားရှိ အင်းအားဖြတ်၍ ဆောက်လုပ်ထားသောသစ်သားတံတားမှာ ရှည်လျှားပြီး နှစ်စဉ်ပျက်စီးနေခြင်းဖြစ်ပါသည်။ အဆိုပါတံတားအား ကျေးရွာလူထုအနေဖြင့်နှစ်စဉ်ပြုပြင်မှုများပြုလုပ်ရာတွင်အခက်အခဲများစွာဖြင့်ရင်ဆိုင်ကြရပါသည်။

ယခုအချိန်တွင် လူထုဗဟိုပြုစီမံကိန်း ရောက်ရှိလာခြင်းကြောင့် ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများအား ရံပုံငွေထောက်ပံ့ပေးခြင်း၊ နည်းပညာအကူအညီများရရှိလာခြင်းတို့ကြောင့် ကျေးရွာ၏ဖွံ့ဖြိုးရေးတွက် အဓိကကျသောလမ်းနှင့်ရေမြောင်းများအား ကောင်းမွန်လာအောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ကျေးရွာ၏ အဓိကအခက်အခဲဖြစ်သောသစ်သားတံတားကို ကွန်ကရစ်တံတားအဖြစ် ပြောင်းလဲတည်ဆောက်ရန်အတွက် ရံပုံငွေမလုံလောက်ခြင်းနှင့် ကြုံတွေ့နေရပါသည်။

# လူမှုဆန်းစစ်ခြင်းအနှစ်ချုပ်

| စဉ် | အကြောင်းအရာ | နေ့စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | ကျေးရွာလူမှုရေးအရင်းအမြစ်ပြမြေပုံ | ၇.၂.၂၀၁၈ | ရွာသူရွာသားများ | ၃၄ | ၄၆ | ၈၀ | အိမ်အမျိုးအစား၊အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေ၊လယ်ယာမြေ၊ရေတွင်း၊ရေကန်၊သစ်တောများကိုမှတ်သားပြီးအသုံးပြုနိုင်မှုပြဿနာအခက်အခဲများကိုဆန်းစစ်ခြင်း |
| ၂ | ရာသီခွင်ပြပြက္ခဒိန် | ၇.၂.၂၀၁၈ | ရွာသူရွာသားများ | ၃၄ | ၄၆ | ၈၀ | ရာသီဥတု၊စိုက်ပျိုးသီးနှံများလယ်ယာလုပ်ငန်းများ၊နေ့စားကျပန်းလုပ်ငန်းများ၊ပွဲတော်များ |
| ၃ | ဥစ္စာနေကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း | ၇.၂.၂၀၁၈ | ရွာသူရွာသားများ | ၃၄ | ၄၆ | ၈၀ | ကျေးရွာလူမှုစီးပွားအုပ်စုခွဲခြားသတ်မှတ်နိုင်ရေးအတွက်အခြေခံစံနှုန်းများသတ်မှတ်ခြင်းကျေးရွာလူထုနှင့်အများသဘောတူခွဲခြားသတ်မှတ်ခြင်း |
| ၄ | ကျား/မ ရေးရာပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၇.၂.၂၀၁၈ | ရွာသူရွာသားများ | ၃၄ | ၄၆ | ၈၀ | အရင်းအမြစ်များစာရင်းပြုစုခြင်းအရင်းအမြစ်များကိုကျား/မပိုင်ဆိုင်မှု၊ထိန်းချုပ်မှု၊အသုံးပြုနိုင်မှုကိုဆန်းစစ်လေ့လာခြင်း |

| စဉ် | အကြောင်းအရာ | နေ့စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၅ | အဖွဲ့အစည်းချိတ်ဆက်မှုလေ့လာခြင်း | ၇.၂.၂၀၁၈ | ရွာသူရွာသားများ | ၃၄ | ၄၆ | ၈၀ | ကျေးရွာဖွံ့ဖြိုးရေးအတွက်ရွာတွင်းရွာပြင်အဖွဲ့အစည်းအသီးသီးနှင့်မည်သို့ချိတ်ဆက် လုပ်ဆောင်ကြ သည်ကိုလေ့လာဆန်းစစ်ခြင်း |
| ၆ | ပင့်ကူအိမ်သုံးသပ်ခြင်း | ၇.၂.၂၀၁၈ | ရွာသူရွာသားများ | ၃၄ | ၄၆ | ၈၀ | အမျိုးသားနှင့်အမျိုးသမီးများတန်းတူအခွင့်အရေးရရှိမှု/မရရှိမှုနှင့်ကွာဟချက်ကိုဆန်းစစ်ခြင်း |
| ၇ | ကျေးရွာ၏(၄) နှစ်စာဦးစားပေးအစီအစဉ် | ၇.၂.၂၀၁၈ | ရွာသူရွာသားများ | ၃၄ | ၄၆ | ၈၀ | အကျိုးခံစားခွင့်၊အကျိုးပြုသူဦးရေအဓိကလိုအပ်ချက်အအပေါ် မူတည်၍စီမံကိန်းရေးဆွဲခြင်း |

# ထိုက်ထူကျေးရွာအရင်းအမြစ်ပြမြေပုံ



**ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊မမယမ်းအုပ်စု၊ထိုက်ထူကျေးရွာ၏ လူမှုရေးအရင်း အမြစ်ပြမြေပုံသုံးသပ်ချက်**

**နေ့စွဲ - ၇/၂/၂၀၁၈**

**နေရာ-ထိုက်ထူကျေးရွာစာသင်ကျောင်း**

ထိုက်ထူကျေးရွာသည် ကျောက်ကြီးမြို့၏ အနောက်တောင်ဘက်တွင် တည်ရှိပါသည်။မြောက်ဘက်တွင်ကျွဲတလင်းကျေးရွာ၊တောင်ဘက်တွင်စဖျင်ကြီးကျေးရွာ၊အရှေ့ဘက်တွင် လယ်ကွင်းများ၊အနောက်ဘက်တွင်အင်းရှိပါသည်။ ထိုက်ထူကျေးရွာတွင်အိမ်ခြေ(၁၂၄) အိမ်ရှိပြီး ဗုဒ္ဓဘာသာကိုးကွယ်သူ(၁၁၆)အိမ်နှင့်ခရစ်ယာန်ဘာသာကိုးကွယ်သူ(၈)အိမ်ရှိသည်။ လူဦးရေ စုစုပေါင်း(၇၄၆)ဦးရှိပြီး အမျိုးသား (၃၆၁)ဦးနှင့် အမျိုးသမီး(၃၈၅)ဦးရှိပါသည်။ ထိုက်ထူကျေးရွာ တွင် စကောကရင်လူမျိုးများသာနေထိုင်ကြပါသည်။

<u>သောက်သုံးရေ</u>

ထိုက်ထူကျေးရွာတွင် သောက်သုံးရေရှိရေးအတွက် လက်နှိပ်တွင်းများ ၊ရေတွင်း များကိုအသုံးပြုကြသော်လည်း ရေကောင်းရေသန့်ရှားပါးပါသည်။သို့သော်လည်းရေတုံကင် များနှင့် ရေတွင်းများသည်နွေရာသီတွင်ခမ်းခြောက်ခြင်းကြောင့်သောက်သုံးရေသန့်များ လုံလောက်မှုမရှိပါ။

<u>လမ်းနှင့်တံတားဆက်သွယ်ရေး</u>

ထိုက်ထူကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးမှာ လူထုဗဟိုပြုစီမံကိန်းဒုတိယစက်ဝန်းတွင် ရွာတွင်းလမ်းနှင့်ရွာချင်းဆက်လမ်းများအားပြုပြင်ခဲ့ကြသည့်အတွက်အဆင်ပြေသော်လည်းစဖျင်ကြီးကျေးရွာနှင့်ဆက်သွယ်ထားသောတံတားမှာယိုယွင်းပျက်စီးနေသည့်အတွက်သွားလာရေးလွန်စွာ ခက်ခဲလှပါသည်။

<u>ပညာရေး</u>

ထိုက်ထူကျေးရွာတွင် အခြေခံပညာမူလတန်းလွန်ကျောင်းနှင့်ခရစ်ယာန်အသင်းတော်မှဖွင့် လှစ်ထားသော မူကြိုကျောင်းရှိပါသည်။ စာသင်ဆောင်နှင့် ကျောင်းသား/ကျောင်းသူ လုံလောက်မှု ရှိပါသည်။သို့သော်လည်းစာသင်ဆောင်သည်အချိန်ကြာလာသည်နှင့်အမျှ အခင်း၊ အကာ၊ ပြတင်း တံခါးများ ပျက်စီးနေသည်ဟုသိရှိရပါသည်။

## ကျန်းမာရေး

ထိုက်ထူကျေးရွာတွင်ကျန်းမာရေးနှင့်ပါတ်သက်သောအခြေခံအဆောက်အဦမရှိပါ။ကျန်းမာရေးနှင့် ပါတ်သက်လာလျှင် ကွဲ့တလင်းကျေးရွာဆေးပေးခန်းသို့လည်းကောင်း ၊မြို့ပေါ်ဆေးရုံ၊ ဆေးခန်း များသို့လည်းကောင်း သွားရောက်ကုသကြရပါသည်။ သို့သော်လည်းမြို့နယ်နှင့် အလှမ်းဝေး သည်ကတစ်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေးမကောင်းသည်ကတစ်ကြောင်းကြောင့် အခက်အခဲ များစွာရှိပါသည်။

## စီးပွားရေး

ထိုက်ထူကျေးရွာတွင် နေထိုင်သူအများစုမှာ လယ်၊ ကိုင်း၊အင်းလုပ်ငန်းများကို လုပ်ကိုင် ကြပါသည်။ ငါးရှာခြင်း၊ ဈေးရောင်းခြင်းတို့ကိုလည်းလုပ်ကိုင်ကြပါသည်။ အချို့အိမ်ထောင်စုဝင်များ သည် ကိုယ်ပိုင်လယ်၊ကိုင်းများ မရှိသဖြင့် ကြုံရာကျဘမ်း အလုပ်များကိုသာ လုပ်ကိုင်ကြပါသည်။

## အနှစ်ချုပ်

ထိုက်ထူကျေးရွာတွင်ရွာချင်းဆက်တံတားနှင့်လမ်းများပျက်စီးနေခြင်းကြောင့်စီးပွားရေး၊လူ မှုရေး၊ပညာရေးတို့အတွက်နှောင့်နှေးမှုများဖြစ်နေပါသည်။

# ဓနအင်အားအဆင့်သတ်မှတ်ခြင်း

ကျေးရွာ - ထိုက်ထူ

အုပ်စု - မမယမ်း

| အမျိုးအစား | သတ်မှတ်ချက်/ညွှန်းကိန်း | အိမ်ထောင်စုအရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ပြေလည်သောအုပ်စု | လယ်ဧက(၃၀)ခန့်၊ဆန်စက်၊လယ်ယာသုံးစက်၊နွား(၄ကောင်)ခန့်၊ဆိုင်ကယ်၊ပျဉ်ထောင်သွပ်မိုးအိမ်၊TV၊SKY NET၊ဆိုလာ(ကြီး)၊လှေ၊လှည်း | ၁၅ | ၁၂% |
| အလယ်အလတ်အုပ်စု | လယ်(၈)ဧကခန့်၊နွား(၂ကောင်)၊ဆိုင်ကယ်၊ပျဉ်ထောင်သွပ်မိုး၊ဆိုလာ(သေး)၊လှေ၊လှည်း | ၇၂ | ၅၈% |
| နွမ်းပါးသောအုပ်စု | လက်လုပ်လက်စား၊ဆိုလာ၊သက်ကယ်မိုးထရံကာအိမ်၊လှေ | ၃၇ | ၃၀% |
| စုစုပေါင်း | | ၁၂၄ | ၁၀၀% |

**ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊မမယမ်းအုပ်စု၊ထိုက်ထူကျေးရွာ၏ ဥစ္စာဓန ခွဲခြမ်းစိတ်ဖြာမှု သုံးသပ်ချက်**

**နေ့စွဲ - ၇/၂/၂၀၁၈**

**နေရာ-ထိုက်ထူကျေးရွာစာသင်ကျောင်း**

ထိုက်ထူကျေးရွာ၏လူမှုရေးအခြေပြမြေပုံအရ ပြေလည်သောအုပ်စု၊ အလယ်အလတ်အုပ်စု နှင့် မပြေလည်သောအုပ်စုဟူ၍(၃)အုပ်စုခွဲခြားနိုင်ပါသည်။

ထိုက်ထူကျေးရွာရှိအိမ်ထောင်စုများမှာပျဉ်ထောင်သွပ်မိုးအိမ်၊လယ်(၃၀)ကေခန့်၊ဆန်စက်၊ လယ်ယာသုံးစက်၊နွားများ၊ဆိုင်ကယ်၊ပျဉ်ထောင်သွပ်မိုးအိမ်၊TV၊SKY NET၊ဆိုလာ(ကြီး)၊လှေ၊လှည်း စသည်တို့ကိုပိုင်ဆိုင်သောမိသားစုတို့ကို ပြေလည်သောအုပ်စုအဖြစ်သတ်မှတ်ကြပြီး တစ်ရွာလုံး၏ (၁၂%)ခန့်ရှိပါသည်။

လယ်(၈)ကေခန့်၊နွား(၂ကောင်)၊ဆိုင်ကယ်၊ပျဉ်ထောင် သွပ်မိုး၊ဆိုလာ(သေး)၊လှေ၊လှည်းစ သည်တို့ကို ပိုင်ဆိုင်သောအိမ်ထောင်စုများကို အလယ်အလတ်အုပ်စုများအဖြစ် သတ်မှတ်ကြပါပြီး တစ်ရွာလုံး၏ (၅၈%)ခန့်ရှိပါသည်။

လုံးစွတ်တိုင်၊သက်ကယ်မိုးထရံကာအိမ်၊ဆိုလာသေး၊လှေစသည်တို့ကိုပိုင်ဆိုင်ပြီး ကိုယ်ပိုင် စီးပွားရေးမရှိလက်လုပ်လက်စားအိမ်ထောင်စုများကို မပြေလည်သောအိမ်ထောင်စုများအဖြစ်သတ် မှတ်ပြီးတစ်ရွာလုံး၏ (၃၀%)ခန့်ရှိပါသည်။

ပြဿနာအနှစ်ချုပ်

ထိုက်ထူကျေးရွာတွင် လမ်းတံတားများပျက်စီးခြင်း၊ရေကြီးခြင်းစသည်တို့ကြောင့် စီးပွားရေး လုပ်ငန်းများလုပ်ကိုင်ရာတွင် အဆင်မပြေမှုများ ဖြစ်ပေါ်နေသည်ကို တွေ့ရှိရပါသည်။ လမ်းနှင့် တံတားများ ကောင်းမွန်လာပါက ရာသီမရွေးသွားလာရေးမှာ အဆင်ပြေပြီး ကျေးရွာလူထုအတွက် အလုပ်အကိုင်အခွင့်အရေးများနှင့် စီးပွာရေးအခွင့်အလန်းများ ပိုမိုရရှိလာနိုင်ပါသည်။

# ကျား-မရေးရာ အရင်းအမြစ်ပိုင်ဆိုင်မှု/အသုံးပြုမှု

**ထိုက်ထူကျေးရွာ** **မမယမ်းအုပ်စု**

| အရင်းအမြစ်ပိုင်ဆိုင်မှု | အရင်းအမြစ်အသုံးပြုမှု | | |
|---|---|---|---|
| | ကျား | မ | ကျား+မ |
| စပါးကျည် | | | ★ |
| လယ်ယာသုံးစက် | ★ | | |
| အိမ်/ခြံ | | | ★ |
| လယ်/ကိုင်း | | | ★ |
| ကျွဲ/နွား | ★ | | |
| လှည်း/လှေ | | | ★ |
| ဆန်စက် | ★ | | |
| ဗွီဒီယို/အောက်စက် | | | ★ |
| ဆိုင်ကယ်/စက်ဘီး | | | ★ |
| ရေတွင်း/တုံကင် | | | ★ |
| ကြက်၊ဝက်၊ဘဲ | | | ★ |

# ကျား-မရေးရာ အရင်းအမြစ်ထိန်းချုပ်မှု/ဆုံးဖြတ်ချက်ချမှု

**ထိုက်ထူကျေးရွာ** **မမယမ်းအုပ်စု**

| အရင်းအမြစ်ပိုင်ဆိုင်မှု | အရင်းအမြစ်ထိန်းချုပ်မှု | | |
|---|---|---|---|
| | ကျား | မ | ကျား+မ |
| စပါးကျည် | | | ★ |
| လယ်ယာသုံးစက် | ★ | | |
| အိမ်/ခြံ | | | ★ |
| လယ်/ကိုင်း | | | ★ |
| ကျွဲ/နွား | | | ★ |
| လှည်း/လှေ | | | ★ |
| ဆန်စက် | ★ | | |
| ဗွီဒီယို/အောက်စက် | | | ★ |
| ဆိုင်ကယ်/စက်ဘီး | | | ★ |
| ရေတွင်း/တုံကင် | | | ★ |
| ကြက်၊ဝက်၊ဘဲ | | ★ | |

**ပဲခူးတိုင်းဒေသကြီး၊ကျောက်ကြီးမြို့နယ် ၊မမယမ်းအုပ်စု၊ထိုက်ထူကျေးရွာ၏ အရင်းအမြစ်အသုံးချမှု၊ ထိန်းချုပ်မှုသုံးသပ်ချက်**

**နေ့စွဲ - ၇/၂/၂၀၁၈**


**နေရာ-ထိုက်ထူကျေးရွာစာသင်ကျောင်း**

ထိုက်ထူကျေးရွာ၏ အရင်းအမြစ်အသုံးချမှု၊ ဆုံးဖြတ်ချက်ချမှု သုံးသပ်ချက်ကို အမျိုးသားနှင့်အမျိုး သမီးများပူးပေါင်းဆွေးနွေးခဲ့ကြပါသည်။ ထိုက်ထူကျေးရွာတွင် အရင်းအမြစ်များအဖြစ် အိမ်၊ လှည်း၊ နွား၊ လယ်၊ ကိုင်း၊ အင်း၊ အိုင်၊ လယ်ထွန်စက်၊ ဆန်စက်၊ ဆိုင်ကယ်၊ ကြက် ၊ဝက်၊ စက်ဘီး၊ ရေတွင်း၊ တံကင်၊ ဗွီဒီယို ၊ခြံမြေတို့အား ပိုင်ဆိုင်ကြပါသည်။ ထိုအရင်းအမြစ်နှင့် ပတ်သက်၍လယ်ယာသုံးစက်၊ဆန်စက်စသည့် စက်နှင့်ပတ်သက်သည့်ပစ္စည်းများအား အမျိုးသားများက အသုံးပြုကြပြီး ကြက်၊ ဝက်၊ လယ်၊ ကိုင်း၊ အင်း၊ အိုင်၊ ဆိုင်ကယ်၊ လှည်းတို့အား အမျိုးသားများနှင့် အမျိုးသမီးများက အသုံးပြုကြပါသည်။ အရင်းအမြစ်များအား ထိန်းချုပ်ရာတွင် စက်ပစ္စည်းများအား အမျိုးသားများက အများဆုံး အသုံးပြုကြပြီး အမျိုးသားများကသာ ထိန်းချုပ်ကြပါသည်။ ကျန်ပစ္စည်းများအား အမျိုးသားနှင့် အမျိုးသမီးတို့ တိုင်ပင်ညှိနှိုင်းပြီး ထိန်းချုပ်မှုများ ပြုလုပ်ကြပါသည်။

# ရာသီခွင်ပြ ပြက္ခဒိန်

ထိုက်ထူကျေးရွာ

မမယမ်းအုပ်စု



**ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့ နယ်၊မမယမ်းအုပ်စု၊ထိုက်ထူကျေးရွာ၏ရာသီခွင်ပြပြက္ခဒိန် သုံးသပ်ချက်**

**နေ့စွဲ - ၇/၂/၂၀၁၈**

**နေရာ-ထိုက်ထူကျေးရွာစာသင်ကျောင်း**

ထိုက်ထူကျေးရွာတွင် လယ်လုပ်ငန်းလုပ်ကိုင်ကြသူများသည်တန်ခူးလမှ ပြာသိုလအထိ လယ်လုပ်ငန်းများကိုလုပ်ကိုင်ကြပါသည်။ စပါးစတင်စိုက်ပျိုးသည့်လများမှာကဆုန်၊နယုန်၊ ဝါဆိုလ များတွင်အလုပ်များကြပါသည်။သီတင်းကျွတ်၊တန်ဆောင်မုန်း၊နတ်တော်၊ပြာသိုလများတွင်စပါးရိတ် ခြင်း၊ရောင်းချခြင်းများကိုပြုလုပ်ကြ၍အလုပ်များကြပါသည်။ကျန်လများတွင်လယ်လုပ်ငန်းနှင့်ပတ် သက်သော ပုံမှန်အလုပ်များကိုသာ လုပ်ကိုင်ကြပါသည်။

ကိုင်းလုပ်ငန်းလုပ်ကိုင်ကြသူများသည် တော်သလင်း၊ သီတင်းကျွတ်၊တန်ဆောင်မုန်းလများ တွင်ကိုင်းထွန်ခြင်း၊ ပျိုးကြဲခြင်းများကို ပြုလုပ်ကြပြီးပြာသို၊တပို့တွဲ၊တပေါင်းလများတွင် ပဲနှုတ်ခြင်း၊ နှမ်းခြွေခြင်းများကို ပြုလုပ်ကြရ၍ အလုပ်များကြပါသည်။

အင်းလုပ်ငန်းကိုလုပ်ကိုင်ကြသူများသည် တော်သလင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်းနှင့် နတ်တော်လများတွင် လုပ်ကိုင်ကြပါသည်။

ရာသီဥတုအခြေအနေများမှာ တန်ခူး၊ ကဆုန်လများတွင် နေသာပါသည်။ နယုန်လတွင် မိုးစတင်ရွာသွန်းတတ်ပြီး ဝါဆို၊ ဝါခေါင်၊ တော်သလင်းလများတွင် မိုးများပါသည်။ သီတင်း ကျွတ်လတွင် နေပူမိုးရွာဖြစ်တတ်ပါသည်။ တန်ဆောင်မုန်း၊ နတ်တော်လများတွင် နေပူ၍ ပြာသို ၊တပို့တွဲ၊တပေါင်းလများတွင် နေ့ဘက်တွင်နေပူပြီး ညဘက်တွင် နှင်းများကျတတ်ပါသည်။


လယ်ကိုင်းလုပ်ငန်းများကိုလုပ်ကိုင်ကြသူများသည် ပြာသို၊ တပို့တွဲ၊ တပေါင်းလများတွင် စပါး၊ ပဲ၊ နှမ်းများပေါ်ချိန်ဖြစ်၍ ဝင်ငွေများရရှိပါသည်။ ကျန်လများတွင် လုပ်ငန်းများအတွက် ထွက်ငွေများ ရှိပါသည်။

လူမှုရေးလုပ်ငန်းများနှင့် ပွဲတော်များကို တန်ခူး၊ သီတင်းကျွတ်၊ တန်ဆောင်မုန်းလများတွင် အများဆုံးပြုလုပ်ကြပြီး ကျန်လများတွင် ရာသီအလိုက်ပွဲတော်များကျင်းပကြပါသည်။

# ပင့်ကူအိမ်ပုံစံ

ထိုက်ထူကျေးရွာ

မမယမ်းအုပ်စု



**ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊မမယမ်းအုပ်စု၊ထိုက်ထူကျေးရွာ၏ ပင့်ကူအိမ်သုံးသပ်ချက်**

**နေ့စွဲ - ၇/၂/၂၀၁၈**


**နေရာ-ထိုက်ထူကျေးရွာစာသင်ကျောင်း**

ထိုက်ထူကျေးရွာတွင် အမျိုးသားနှင့် အမျိုးသမီးတို့၏ လူနေမှုဘဝများကို လေ့လာကြည့်ရာတွင် အိမ်မှုကိစ္စ၊ လုံခြုံမှု၊ ဆုံးဖြတ်ချက်ချမှု၊ ဝင်ငွေရှာဖွေမှုများတွင် တန်းတူညီမျှမှု မရှိခြင်းကိုတွေ့ရှိရပါသည်။ အမျိုးသားများသည် စီးပွားရေးလုပ်ငန်းများကို အဓိကထားလုပ်ကိုင်ခြင်းတို့ကြောင့် ဝင်ငွေရှာဖွေမှုများတွင် အမျိုးသမီးများထက် သာလွန်ကြပါသည်။ အမျိုးသမီးများသည် အိမ်မှုကိစ္စများကို အများဆုံးပြုလုပ်ကြသောကြောင့် ဝင်ငွေရရှိမှု နည်းပါးခြင်းဖြစ်ပါသည်။ လုံခြုံမှုနှင့်ဆုံးဖြတ်ချက်ချပိုင်ခွင့်များတွင်လည်း အမျိုးသားများသည်အမျိုးသမီးများထက်လုပ်ပိုင်ခွင့်ပိုမိုရရှိကြသည်ကိုလည်း တွေ့ရှိရပါသည်။ ပညာသင်ကြားခွင့်တွင် အမျိုးသားနှင့် အမျိုးသမီးတန်းတူညီမျှမှုရှိကြပါသည်။ အစည်းအဝေးတက်ရောက်မှုများတွင် အမျိုးသမီးများသည် အမျိုးသားများထက် ပိုမိုစိတ်ဝင်စားမှုများရှိသည်ကိုလည်းလေ့လာသုံးသပ်မိပါသည်။

# အဖွဲ့အစည်းချိတ်ဆက်မှုပြဇယား

ထိုက်ထူကျေးရွာ

မမယမ်းအုပ်စု



**ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊မမယမ်းအုပ်စု၊ထိုက်ထူကျေးရွာ၏ အဖွဲ့အစည်းချိတ်ဆက်ပုံသုံးသပ်ချက်**

**နေ့စွဲ - ၇/၂/၂၀၁၈**

**နေရာ-ထိုက်ထူကျေးရွာစာသင်ကျောင်း**

ထိုက်ထူကျေးရွာတွင် ရှိသောအဖွဲ့အစည်းများမှာ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ ၊ဂေါပကအဖွဲ့၊ အမျိုးသမီးလူမှုရေးအဖွဲ့၊ အမျိုးသားလူမှုရေးအဖွဲ့၊ ကျောင်းကော်မတီ၊ ရပ်မိရပ်ဖအဖွဲ့၊ လူထုဗဟိုပြု စီမံကိန်းကော်မတီတို့ဖြစ်ပါသည်။ ထိုက်ထူကျေးရွာအတွင်းရှိ အဖွဲ့အစည်းအားလုံးတို့သည် ကျေးရွာ၏ လူမှုရေးကိစ္စများနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ချိတ်ဆက်၍အတူတကွ လုပ်ကိုင်ဆောင်ရွက်ကြပါသည်။

ထိုက်ထူကျေးရွာနှင့်ချိတ်ဆက်မှုရှိသော ကျေးရွာပြင်ပမှ အဖွဲ့အစည်းများမှာ အုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရဲစခန်း၊ မြို့နယ်သာသနာရေးရာအဖွဲ့များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တို့ဖြစ် ပါသည်။

## ဒုတိယအကြိမ်ကျေးရွာအစည်းအဝေးကျင်းပပြုလုပ်ပုံ



# ဒုတိယအကြိမ်ကျေးရွာအစည်းအဝေးကျင်းပပြုလုပ်ပုံ



အမျိုးသားအဖွဲ့မှကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲနေပုံ



## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | |
|---|---|---|
| လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်စရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေးမြန်းရယူစံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။ | | |
| ကျေးရွာခေါင်းဆောင် အမည်<br>စောဘယ်ဒရူး | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ်<br>09-767012379 | လူထုစည်းရုံးရေးမှူး၏ အမည်<br>[illegible] |

| | | | |
|---|---|---|---|
| ပြည်နယ်၊တိုင်းဒေသကြီး ပဲခူးတိုင်း | မြို့နယ် ကျောက်ကြီး | ကျေးရွာအုပ်စု [illegible] | ကျေးရွာ ကိုက်တူ |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကရင် | ၂၄ | ဘာသာ (၁) ဗုဒ္ဓ | ၁၁၆ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ခရစ်ယာန် | ၈ |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| | | | |
| လူမျိုးစုရော ------------- | | ဘာသာရော ----------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၁ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၄၇ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)---------- ကရင် | ၃၆၁ | ၃၈၅ |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၁၀၅ | ၁၉ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| မူကြိုကျောင်း | ☑ | | | | |
| မူလတန်းကျောင်း | ☐ | တိုက်နယ်ဆေးရုံ | ☐ | စေတီ | ☐ |
| မူလွန်ကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☐ |
| အလယ်တန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| လယ်လွန်ကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☑ |
| အထက်တန်းကျောင်း | ☐ | အခြား | ☐ | ဗလီ | ☐ |
| အခြား | ☐ | | | အခြား | ☐ |
| မှတ်ချက်<br>ခရစ်ယာန်မူကြို | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၂) ကျန်းမာရေး | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | (၃) လက်မှုပညာရှင် | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|---|---|---|---|---|---|
| မူလတန်းပြဆရာ/မ | ☑ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☑ | ☑ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☑ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် ကျောင်းလုပ်သား | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | [မြေသားလမ်း] | လူသွားလမ်း | အခြား ကားလမ်း |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် — ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/[မရှိပါ]/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? — မိုင် ၀.၂၅/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် 00:20 ထော်လာဂျီ/**မော်တော်ဆိုင်ကယ်**/**ခြေလျင်**/လှည်း/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန် 00:20 ထော်လာဂျီ/**မော်တော်ဆိုင်ကယ်**/**ခြေလျင်**/လှည်း/မော်တော်ဘုတ်/
အခြား ------------------

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ --------------------------------

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) --------------------------------

(၂) --------------------------------

**(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် စောထယ်ဝှူး

လက်မှတ် နေ့ 7.2.2018

လူထုစည်းရုံးရေးမှူး အမည် ဒေါ်ဟဒူသာမောင်

လက်မှတ် နေ့စွဲ 7.2.2018

## ပုံစံ - ၈ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | | |
|---|---|---|---|---|
| **လမ်းညွှန်ချက်။** သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ပုသဲခရောဂင် | | | | |
| နေ့စွဲ ၁၇/၂/၂၀၁၈ | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) □ စက်ဝန်း(၂) ☑ စက်ဝန်း(၃) □ စက်ဝန်း (၄) | | |
| ပြည်နယ်/တိုင်း ပဲခူးတိုင်း | မြို့နယ် ကျောက်ကြီး | ကျေးရွာအုပ်စု မမယာဖီး | | ကျေးရွာ ထိုက်တရ |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့် လူမျိုးစုအမည် | | အိမ်ထောင်စုပေါင်း | အိမ်ထောင်စု % |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 7/2/2018 | 7/2/2018 | 34 | 46 | 80 | 80 | ကချင် | 124 | 64.52% |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 7/2/2018 | 7/2/2018 | 34 | 46 | 80 | 80 | ကချင် | 124 | 64.52% |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | | | | | | | | | |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို | | | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | | | | |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | မလို | မလို | မလို | မလို | မလို | မလို | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | | | | |

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | | | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | | | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းနဲ့ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | မလို | မလို | မလို | မလို | မလို | | မလို | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းနဲ့ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | | | | |

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| လမ်းညွှန်ချက်၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ယုယုဝေဝင်း |
| နေ့စွဲ ၇/၂/၂၀၁၈ — စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) □ စက်ဝန်း(၂) ☑ စက်ဝန်း(၃) □ စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ပဲခူး — မြို့နယ် ကျောက်ကြီး — ကျေးရွာအုပ်စု မမလမ်း — ကျေးရွာ ကိုင်းကုန်း |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖေါ်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | ရွာတွင်း လမ်းတစ်လက်မှာ မြေသား လမ်း ဖြစ်၍ မကြာခဏ ပျက်စီး ခြင်း | ၁ | လမ်းကျဉ်း ပြီး ကားများ သွား၍ မရသော ကြောင့် လူနာ၊ ဈေး၊ ပွဲ ဈေး ကိစ္စများတွင် |
| ၂ | သွားလာရေး ခက်ခဲခြင်း ။ ချဉ်းကပ်လမ်း လိုအပ်နေခြင်း | ၂ | အခက်အခဲ ရှိခြင်း ။ မိုးရာသီတွင် လမ်းများ ပွက်ထ ချွဲ ပျက် |
| ၃ | စာသင်ဆောင်များ ပျက်စီး နေခြင်း ကြောင့် ကလေးများ ပညာသင်ကြား | ၃ | စီးသဖြင့် သွားလာရေး ခက်ခဲခြင်း၊ သောက်သုံးရေ မလုံလောက် ခြင်းကြောင့် ချက်ပြုတ်ရေး နှင့် ကျန်းမာရေး ကိစ္စများ |
| ၄ | ရာတွင် အခက်အခဲရှိခြင်း ။ နွေရာသီတွင် သောက်သုံးရေ ရှားပါးခြင်း | ၄ | အဆင်မပြေ ခြင်း ။ လျှပ်စစ်မီး မရှိခြင်း ကြောင့် ညအချိန် သွားလာရာ နှင့် ကလေးများ ညအချိန် |
| ၅ | ဆေးခန်း နှင့် ကျန်းမာရေး ဝန်ထမ်း မရှိခြင်း ကြောင့် ကျန်းမာရေး ကိစ္စများ အဆင်မပြေခြင်း ။ | ၅ | စာကြည့်ရာတွင် အခက်အခဲ ရှိခြင်း ။ ဆေးခန်း နှင့် ကျန်းမာရေး ဝန်ထမ်း များ မရှိ ခြင်း ကြောင့် ကျန်းမာရေး စောင့်ရှောက်မှု များ မပြည့်စုံခြင်း |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | ရွာတွင်း လမ်း များ အားလုံး သွားလာရေး အဆင်ပြေသော လမ်းများ | ၁ | ရာသီမရွေး သွားလာရေး အတွက် အဆင်ပြေသော လမ်းများ ဖြစ်စေချင်ပါသည်။ |
| ၂ | ဖြစ်စေချင်ပါသည်။ ကလေးများ ပညာသင်ကြားရန် | ၂ | နွေရာသီတွင် သောက်သုံးရေ လုံလောက်စွာ ရရှိစေချင်ပါသည်။ |
| ၃ | ကောင်းမွန် ပြည့်စုံသော စာသင် ဆောင်များ ရှိစေချင်ပါသည်။ | ၃ | တစ်ရွာလုံး လျှပ်စစ်မီး ရရှိ စေချင်ပါသည်။ |
| ၄ | သောက်သုံး ရေ များ လုံလောက်စွာ ရရှိစေချင်ပါသည်။ | ၄ | ဆေးခန်း ၊ လုံလောက်သော ဆေးဝါး နှင့် ကျန်းမာရေး ဝန်ထမ်း ရှိစေချင်ပါသည်။ |
| ၅ | ဆေးခန်း နှင့် ကျန်းမာရေး ဝန်ထမ်း များ ရွာတွင် ရှိစေချင်ပါသည်။ | ၅ | |

| | | | |
|---|---|---|---|
| | | | |

ဂ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ချိုင်းကပ်လမ်းတည်ဆောက်ခြင်း | ကျား + မ | 4000000/- | 746 |
| ၂ | ရှာပိုရှ ချိုင်းကပ်လမ်းတိုးချဲ့ခြင်း | ကျား + မ | 5000000/- | 746 |
| ၃ | ရွာတွင်း မြေသားလမ်း မြှ | ကျား + မ | 3000000/- | 746 |
| ၄ | ပြုပြင်ခြင်း (မြေသား+ကဝ) | | | |
| ၅ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | စက်ချုပ်သင်တန်း | အမျိုးသမီး | |
| ၂ | စက်ပြင်သင်တန်း | အမျိုးသား | |
| ၃ | သားဖွားသင်တန်း | အမျိုးသမီး | |
| ၄ | | | |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဒေါ်ခင်နီဝင်း လက်မှတ် [illegible] နေ့စွဲ ၅/၂/၂၀၁၄

၂၀၁၇ခုနှစ်၊ ဒီဇင်ဘာလ (၂၄)ရက်နေ့၊ နံနက် (၉း၀၀) နာရီတွင် ကျောက်ကြီးမြို့နယ်၊ မမယမ်းကျေးရွာအုပ်စု၊ ထိုက်ထူကျေးရွာတွင် ကျင်းပပြုလုပ်သော လူထုဗဟိုပြုစီမံကိန်း တတိယစက်ဝန်း ဒုတိယအကြိမ် အစည်းအဝေးမှတ်တမ်း။

အစည်းအဝေးတက်ရောက်သူများ

| စဉ် | အမည် | ရာထူး |
|---|---|---|
| ၁ | ဦးကောင်းမွန်ကျော် | လူထုစည်းရုံးရေးမှူး |
| ၂ | ဒေါ်အိအိစန်း | TCF |
| ၃ | ကျေးရွာလူထု | (PC – 12 ) |
| ၄ | စောအီးစိန်ဝင်း | ကျေးရွာ/စီမံကိန်းအထောက်အကူပြုကော်မတီဥက္ကဌ |
| ၅ | ညားဝေးလေ | ကျေးရွာ/စီမံကိန်းအထောက်အကူပြုကော်မတီဥက္ကဌ |
| ၆ | စောကျော်နိုင်ထွန်း | ဂယ်ယူရေးဆပ်ကော်မတီဥက္ကဌ |
| ၇ | နော်စေးဘို | ဂယ်ယူရေးဆပ်ကော်မတီအဖွဲ့ဂင် |
| ၈ | စောငြိမ်းချမ်းအောင် | ဂယ်ယူရေးဆပ်ကော်မတီအဖွဲ့ဂင် |
| ၉ | ဦးတာဝါး | လည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီအဖွဲ့ဝင် |
| ၁၀ | နော်ဖေါဂေထူး | လည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီဥက္ကဌ |
| ၁၁ | စောဆယ်ထူး | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီဥက္ကဌ |
| ၁၂ | နော်မူချဲ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီအဖွဲ့ဝင် |
| ၁၃ | နော်မူထူး | ဂေဖန်အကြံပြုကိုယ်စားလှယ် |
| ၁၄ | စောဝေထိုက် | ဂေဖန်အကြံပြုကိုယ်စားလှယ် |
| ၁၅ | စောအေးလေ | စေတနာ့ဂန်ထမ်း |
| ၁၆ | နော်စေးကပေါ် | ကျေးရွာစေတနာ့ဝန်ထမ်း |
| ၁၇ | နော်မူလားစေး | ကျေးရွာငွေစာရင်းကိုင် |

## ရည်ရွယ်ချက်

လူထုဗဟိုပြုစီမံကိန်း တတိယနှစ်စက်ဝန်းအတွက် စီမံကိန်းအကြောင်းပြန်လည်မိတ်ဆက်ခြင်း၊ အခက်အခဲနှင့်မျှော်မှန်းချက်များ၊ လုပ်ငန်းများရွေးချယ်ခြင်းနှင့် ကော်မတီများ ပြန်လည်အတည်ပြုခြင်း၊ ပြန်လည်ရွေးချယ်ခြင်း၊ တတိယနှစ်စက်ဝန်းအတွက်လုပ်ငန်းအတည်ပြုခြင်း ကိုရည်ရွယ်ပါသည်။

## ဆွေးနွေးချက်များ

၁။ ရှေးဦးစွာထိုက်ထူကျေးရွာ ရာအိမ်မှူးမှ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ ထိုနောက်ဝန်ထမ်းများမှလည်း မိတ်ဆက်ခဲ့ကြပါသည်။

၂။ ဆက်လက်၍ လူထုစည်းရုံးရေးမှူး ဦးကောင်းမွန်ကျော်မှ လူထုဗဟိုပြုစီမံကိန်း၏ ရည်ရွယ်ချက်၊ စီမံကိန်းမိတ်ဆက်၊ စီမံကိန်းစက်ဝန်းများကို ရှင်းလင်းပြောကြားခဲ့သည်။

၃။ လက်ထောက်နည်းပညာမှူး စောထောထောဝါးမှ အကျိုးဝင်၊ အကျိုးမဝင်သော လုပ်ငန်းများအကြောင်းကို ရှင်းလင်းပြော ကြားခဲ့သည်။

၄။ ဆက်လက်၍ အဖွဲ့များခွဲ၍ လူမှုဆန်းစစ်ခြင်းဖြစ်သော လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ၊ ဥစ္စာဓနခွဲခြမ်းစိတ်ဖြာခြင်း၊ ပိုင်ဆိုင်မှုကိုအသုံးပြုခြင်းနှင့် ပိုင်ဆိုင်မှုကိုထိန်းချုပ်ခြင်း၊ ပင့်ကူအိမ်သုံးသပ်ခြင်း၊ အဖွဲ့အစည်းချိတ်ဆက်မှုပြဇယားများကို အသီးသီးပြုလုပ်ခဲ့ကြသည်။

၅။ ထိုနောက် အမျိုးသမီးအမျိုးသားများ နှစ်ဖွဲ့ခွဲ၍ အခက်အခဲပြဿနာနှင့် မျှော်မှန်းချက်များကို ဆွေးနွေးခဲ့ကြပြီး ဦးစားပေးလုပ်ငန်းများကို ရွေးချယ်ခဲ့ကြသည်။

၆။ ကော်မတီများ ပြန်လည်အတည်ပြုခြင်းနှင့် ပြန်လည်ရွေးချယ်ခြင်းအစီအစဉ်ကို လူထုစည်းရုံးရေးမှူးမှဦးဆောင်၍ ကျေးရွာလူထုနှင့်အတူ ဆွေးနွေးခဲ့ကြပါသည်။ ထိုသို့ဆွေးနွေးရာတွင် ကျေးရွာလူထုမှ ဒုတိယနှစ်စီမံကိန်းတွင် လုပ်ဆောင်ခဲ့သော ကော်မတီများကို တတိယနှစ်တွင်လည်း ဆက်လက်လုပ်ဆောင်ရန် ဆွေးနွေးတင်ပြခဲ့ပါသည်။ ကော်မတီများကလည်း ကျေးရွာလူထုသဘောတူလျှင်ဆက်လက် လုပ်ဆောင်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ထိုနောက်လိုအပ်သော ကော်မတီဝင်များကို ကျေးရွာလူထုသဘောတူ ဆုံးဖြတ်ရွေးချယ်သည့်အတိုင်း ရွေးချယ်ခဲ့ကြပါသည်။

၇။ ထိုနောက်တတိယနှစ်စက်ဝန်းတွင် လုပ်ဆောင်မည့် လုပ်ငန်းများကို ဆွေးနွေးပြီး အများသဘောတူဆုံးဖြတ်ရွေးချယ်ခဲ့ ကြပါသည်။

**ဆုံးဖြတ်ချက်များ**

၉။

(က)

| စဉ် | ဆုံးဖြတ်ချက် | လုပ်ဆောင်ရန် |
|---|---|---|
| ၁ | (ကျေးရွာ/စီမံကိန်းအထောက်အကူပြုကော်မတီဥက္ကဌ) | စောအီးစိန်ဝင်း |
| ၂ | (ကျေးရွာ/စီမံကိန်းအထောက်အကူပြုကော်မတီဥက္ကဌ) | ညားဝေးလေ |
| ၃ | (ဂယ်ယူရေးဆပ်ကော်မတီဥက္ကဌ) | စောကျော်နိုင်ထွန်း |
| ၄ | (ဂယ်ယူရေးဆပ်ကော်မတီအဖွဲ့ဂင်) | နော်စေးဘို |
| ၅ | (ဂယ်ယူရေးဆပ်ကော်မတီအဖွဲ့ဂင်) | စောငြိမ်းချမ်းအောင် |
| ၆ | (စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီဥက္ကဌ) | စောဆယ်ထူး |
| ၇ | (စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီအဖွဲ့ဝင်) | နော်မူချဲ |
| ၈ | (လည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ ဥက္ကဌ) | ဦးတာဝါး |
| ၉ | (လည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ အဖွဲ့ဝင်) | နော်ဖေါ်ဂေထူး |
| ၁၀ | (ငွေဖန်အကြံပြုကိုယ်စားလှယ်) | နော်မူထူး |
| ၁၁ | (ငွေဖန်အကြံပြုကိုယ်စားလှယ်) | စောဝေထိုက် |
| ၁၂ | (စေတနာ့ဂန်ထမ်း) | စောအေးလေ |
| ၁၃ | (စေတနာ့ဂန်ထမ်း) | နော်စေးကပေါ် |
| ၁၄ | (ကျေးရွာငွေစာရင်းကိုင်) | နော်မူလားစေး |

(ခ)

| စဉ် | ဦးစားပေးလုပ်ငန်း | အဆိုပြုသူ | အကျိုးခံစားခွင့်ရှိသူဦးရေ |
|---|---|---|---|
| ၁ | ချဉ်းကပ်လမ်းတည်ဆောက်ခြင်း | ကျား+မ | ၇၄၆ |
| ၂ | အုပ်စုချင်းဆက်လမ်းတိုးချဲ့ခြင်း | ကျား+မ | ၇၄၆ |
| ၃ | ရွာတွင်းမြေသားလမ်းပြုပြင်ခြင်း | ကျား+မ | ၇၄၆ |
| ၄ | စက်ချုပ်သင်တန်း | မ | ၇၄၆ |
| ၅ | စက်ပြင်သင်တန်း | ကျား | ၇၄၆ |
| ၆ | သားဖွားသင်တန်း | မ | ၇၄၆ |

အစည်းအဝေးကိုဆက်လက်ဆွေးနွေးရန်မရှိတော့သဖြင့်ညနေ(၅း၀၀) နာရီအချိန်တွင် ရုတ်သိမ်းခဲ့ပါသည်။

# ကော်မတီဝင်များစာရင်း

**ကျေးရွာ -ထိုက်ထူ** **အုပ်စု - မမယမ်း**

| စဉ် | အမည် | ရာထူး |
|---|---|---|
| ၁ | စောအီးစိန်ဝင်း | ကျေးရွာစီမံကိန်းအထောက်အကူပြု ကော်မတီ ဥက္ကဌ |
| ၂ | ညားဝေးလေ | ကျေးရွာစီမံကိန်းအထောက်အကူပြု ကော်မတီ ဥက္ကဌ |
| ၃ | စောကျော်နိုင်ထွန်း | ဝယ်ယူရေးဆပ်ကော်မတီဥက္ကဌ |
| ၄ | နော်စေးဘို | ဝယ်ယူရေးဆပ်ကော်မတီ အဖွဲ့ဝင် |
| ၅ | စောငြိမ်းချမ်းအောင် | ဝယ်ယူရေးဆပ်ကော်မတီ အဖွဲ့ဝင် |
| ၆ | ဦးတာဝါး | လည်ပတ်/ ထိန်းသိမ်းဆပ်ကော်မတီ ဥက္ကဌ |
| ၇ | နော်ဖေါဂေထူး | လည်ပတ်/ ထိန်းသိမ်းဆပ်ကော်မတီ အဖွဲ့ဝင် |
| ၈ | စောဆယ်ထူး | စောင့်ကြည့်/ကြီးကြပ်ဆပ်ကော်မတီ ဥက္ကဌ |
| ၉ | နော်မူချဲ | စောင့်ကြည့်/ကြီးကြပ်ဆပ်ကော်မတီ အဖွဲ့ဝင် |
| ၁၀ | နော်မူထူး | ဝေဖန်အကြံပြုကိုယ်စားလှယ် |
| ၁၁ | စောဝေထိုက် | ဝေဖန်အကြံပြုကိုယ်စားလှယ် |
| ၁၂ | စောအေးလေ | ကျေးရွာစေတနာ့ဝန်ထမ်း |
| ၁၃ | နော်စေးကပေါ် | ကျေးရွာစေတနာ့ဝန်ထမ်း |
| ၁၄ | နော်မူလားစေး | ကျေးရွာငွေစာရင်းကိုင် |

**ကဏ္ဍအလိုက်အခက်အခဲမှတ်တမ်း**

**မတောကုန်းကျေးရွာ ကဏ္ဍအလိုက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ**

| | | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှထောက်ပံ့သူ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အဦး | ၁ | ချဉ်းကပ်လမ်းတည်ဆောက်ခြင်း | ကျားမ | ၂၀၁၈ | ကော်မတီဝင် ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၂ | အုပ်စုချင်းဆက်လမ်းတိုးချဲ့ခြင်း | ကျားမ | - | ကော်မတီဝင် ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၃ | ရွာတွင်းမြေသားလမ်းပြုပြင်ခြင်း | ကျား | - | ကော်မတီဝင် ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| အသက်မွေးဝမ်းကျောင်း | ၄ | သားဖွားသင်တန်း | မ | - | ကော်မတီဝင် ကျေးရွာလူထု | - |
| | ၅ | စက်ပြင်သင်တန်း | ကျား | - | ကော်မတီဝင် ကျေးရွာလူထု | ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန |
| | ၆ | စက်ချုပ်သင်တန်း | မ | - | ကော်မတီဝင် ကျေးရွာလူထု | ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန |